## ၄။ ငမြောင်တောင်

**Armyworm: *Spodoptera mauritia* (Boisduval, 1833)**

**Lepidoptera : Noctuidae**

**ဖျက်ကောင်ပုံသဏ္ဍာန်များ**





လောက်ကောင်အငယ်သည်အစိမ်းရောင်ရှိပြီးနောက်ပိုင်းတွင်အညိုရောင်သို့ပြောင်းသွား ပြီး ဦးခေါင်းပိုင်းမှာအမဲရောင်ရှိသည်။ခန္ဓာကိုယ်ဘေးဘက်တွင်အစင်းတန်း(၃)ခုပါပြီးအပေါ်တွင်အနက် စက် များတွေ့ရသည်။အကောင်ကြီးသည်မီးခိုးညိုရောင်ဖြစ်ပြီးရှေ့အတောင်တွင်အနက်စင်း များ ပါရှိပြီးထင်ရှားသောအနက်စက်ပါသည်။

**ဖျက်ဆီးပုံလက္ခဏာများ**



လောက်ကောင်ပေါက်ကာစတွင် အစိမ်းရောင်အသားကို ခြစ်စားသဖြင့် အစိမ်းရောင်ပျောက်နေသောအရွက်များကို တွေ့နိုင်သည်။လောက်ကောင်ကြီးများသည် အရွက်များ၊အပင်၏အစိတ် အပိုင်း များကို ကိုက်ခြစ်စားသောက်ခြင်းကြောင့် အရွက်များပြတ်ခြင်း၊ပဲ့ခြင်း၊ပေါက်ခြင်းအပင်ငုတ်တိုဖြစ်နေခြင်းများ ကိုတွေ့ရသည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥ အဆင့် | - (၇) ရက် |
| လောက်ကောင် အဆင့် | - ( ၃၀) ရက် |
| ရုပ်ဖုံး အဆင့် | - (၈-၁၀) ရက် |
| အကောင်ကြီး အဆင့် | - (၂-၄) ရက် |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁)ပေါင်းမြက်၊ရိုးပြတ်များအားဆွေးမြေ့အောင်ဆောင်ရွက်ပါ။ကန်သင်းပါးရှုပ်ပါ။

(၂)မြေပြင်ချိန်တွင်ခိုအောင်းနေသော၊ရုပ်ဖုံးများ၊လောက်ကောင်များအားနှိမ်နင်းရန်ထယ်ထိုး ထွန်မွေပါ။

(၃)ဘဲများအားစေလွှတ်၍စားသောက်စေခြင်းဖြင့်ကာကွယ်ပါ။

(၄)အပင်များကိုစောလျှင်စွာစိုက်ပျိုးပါ။

(၅)ထိသေ၊စားသေအာနိသင်ရှိပိုးသတ်ဆေးတစ်မျိုးမျိုးကိုဆေးအညွှန်းစာအတိုင်းပက်ဖျန်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက အညွှန်း တွင် ဖော်ပြ ထားသည့် မခူးဆွတ်မီ စောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျ ၍ခူးဆွတ်ပါ။

- ဖလူဗန်ဒိုင်ယာမိုက်(Flubendiamide)
- ကလိုရမ်ထရမ်နီလီပရော(Chlorantraniliprole)
- ဒိုင်ယာဇီနွန်(Diazinon)
- လန်မ်ဒါဆိုင်ဟေလိုသရင် (Lambda-cyhalothrin)